Message Seven

ဂုဏ်အသရေနှင့် ဘုန်းတော်အဖို့ ကရုဏာခံရာအိုးများ၊ ဂျုံစပါးမျိုးစေ့များနှင့် စပျစ်နွယ်ပင်၏ အကိုင်းအခက်များ

ဖတ်ရန်ကျမ်း။ ။ ရော၉း၁၁၊ ၂၃။ တ၊၉း၁၅။ ၂ကော၊၄း၇။
ယော၊၁၂း၂၄။ ၁၅း၁၊ ၄-၅၊ ၇

I. ခရစ်တော်၌ယုံကြည်သူများသည် ဂုဏ်အသရေနှင့် ဘုန်းတော်အဖို့ ကရုဏာခံရာအိုးများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကရုဏာ၊ ဂုဏ်အသရေနှင့် ဘုန်းတော်အဖြစ် ထည့်ဝင်ခံရာများ ဖြစ်ကြသည် - ရော၊၉း၂၁၊ ၂၃။

A. လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်မှာ လူကို ကိုယ်တော်၏ ထည့်စရာ၊ ကိုယ်တော်၏ မြေဖြင့်လုပ်သော ထည့်ဝင်ခံရာအဖြစ် အသက်ဖြစ်သော ခရစ်တော်ဖြင့် ထည့်ဝင်ခံကာ၊ ဖြည့်ခြင်းခံရစေရန် ဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ ကြီးမားသော စုပေါင်းထားသည့် ထည့်စရာအဖြစ် ယေရှုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည် - က၊၂း၇။ တ၊၉း၁၅။ ရော၊၉း၂၁၊ ၂၃။ ၂ကော၊၄း၇။ ၂တိ၊၂း၂၀-၂၁။ မ၂၅း၂-၄၊ ၈-၉။ ဧ၁၊၄း၁၁-၁၄။ ည္ဓန်း၊ ဗျာ၊၃း၁၈။

B. ပေါလု၏ ဩဝါဒစာ တစ်ဆယ့်လေးစောင်အား လုံးတို့ကို စကားလုံးနှစ်လုံးဖြင့် အကျဉ်းချုပ်နိုင်သည် - *ဖွင့်ထားသော ထည့်စရာ* - ဖြစ်သည်။

1. ဘုရားသခင်က ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးနိုင်သည့် ပမာဏသည် ကျွန်ုပ်တို့၏ ဖွင့်ထားခြင်း ပမာဏအပေါ် မူတည်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်တော်ကိုသာ ချစ်ရန်နှင့် ကိုယ်တော်ထံသို့ ကျွန်ုပ်တို့ကိုယ်ကို ဖွင့်ထားလျက်ရှိစေရန် အလိုတော်ရှိသည် - ၂ဘုရင်၊၄း၁-၇။ မ၊၅း၃။ ယော၊၁း၁၆။ ဟေရှာ၊၅၇း၁၅။ ၆၆း၁-၂။

2. ကျဆင်းယိုယွင်းခြင်းသည် မိမိကိုယ်ကိုအားရကျေနပ်နေမှုမှ စတင်သည်။ တိုးတက်လာခြင်းသည် ဆာလောင်မှုနှင့် ဆာတော်ခြင်းမှ စတင်သည် - တရား၊၄း၂၅။ လု၊၁း၅၃။ ဖိ၊၁း၂၅။ ဗျာ၊၃း၁၆-၁၈။

C. ကျွန်ုပ်တို့သည် ကရုဏာရှိသောဘုရားသခင်အဖြစ် ခရစ်တော်ကို ထည့်ဝင်ရန် ကရုဏာခံရာအိုးများဖြစ်စေဖို့ ဖန်ဆင်းခံရကြခြင်းဖြစ်သည် - ရော၉း၁၁-၁၃၊ ၁၆၊ ၂၀-၂၁၊ ၂၃။ မြည်၊၃း၂၁-၂၃။ လု၊၁း၇၈-၇၉။

1. ဘုရားသခင်၏ကရုဏာတော်သည် ဘုရားသခင့်ဂုဏ်အင်္ဂါတော်များ၏ အလှမ်းမီအရောက်ရှိဆုံးပင် ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ စိတ်ပျက်ဖွယ်အနေအထားထဲမှ ကိုယ်တော်၏ မေတ္တာတော်နှင့် ကျေးဇူးတော်အတွက် သင့်လျော်မှုရှိသော အခြေအနေထဲသို့ ကယ်တင်ပေးသည် - ဧ၊၂း၁-၄။ ဟေဗြဲ၊၄း၁၆။

2. ဘုရားသခင်၏ ကရုဏာတော်ကြောင့် ဧဝံဂေလိတရားကို အခြားသူများက မတုံ့ပြန်သည့်အခါ ကျွန်ုပ်တို့က တုံ့ပြန်မှုပြုကြပြီး၊ အသက်အဖြစ် ခရစ်တော်အကြောင်း နှုတ်ကပတ်တော်ကို အခြားသူများက လက်ခံရန် ငြင်းဆန်သည့်အခါ ကျွန်ုပ်တို့က လက်ခံရယူကြကာ၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းလမ်းကို အခြားသူများက ယူဆောင်ခြင်းမှ နောက်ပြန်ဆုတ်ကြသောအခါ ကျွန်ုပ်တို့က ဤလမ်းကို ယူဆောင်ခြင်း ပြုကြသည် - *ဓမ္မသီချင်း* ၁၇၅၊ အပိုဒ် ၃။

3. *ကရုဏာ* သည် ကျွန်ုပ်တို့၏ စိတ်ပျက်ဖွယ်အခြေအနေအား ဖြင့် လှုံ့ဆော်ပေးခြင်းခံရသော ဘုရားသခင်၏အပြင်ပိုင်းလုပ်ဆောင်မှုကို ရည်ညွှန်းသည်။ *သနားစုံမက်ခြင်း* သည် ကိုယ်တော်၏ချစ်ခြင်းအနှစ်သာရ၌ မူလအစပြုသော ကိုယ်တော်၏ အတွင်းပိုင်း ချစ်ကြင်နာခြင်းကို ရည်ညွှန်းသည် - ရော၉း၁၅။ မ၊၉း၃၆။

4. ကျွန်ုပ်တို့သည် ဘုရားသခင်ကို နံနက်တိုင်း သနားစုံမက်တော်မူသောအရှင်အဖြစ် ဆက်သွယ်ရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူများထံ ကရုဏာထား၍၊ အခြားသူများကို စီရင်မှုမရှိခြင်းဖြင့် နိုင်ငံတော်၏ စစ်မှန်ခြင်း၌ အသက်ရှင်နိုင်မည်ဖြစ်သည် - မြည်၊၃း၂၁-၂၃။ မ၊၅း၇။ ၇း၁။

D. ကျွန်ုပ်တို့သည် ဂုဏ်အသရေ၏ဘုရားသခင်အဖြစ် ခရစ်တော်ကို ထည့်ဝင်ရန် ဂုဏ်အသရေရှိသော ထည့်စရာများဖြစ်ရန် ဖန်ဆင်းခံရကြသည်။ ဂုဏ်အသရေရှိသော ထည့်စရာများသည် အခြားသူများကို အသင်းတော်၏ကျဆင်းခြင်းမှ ဆန့်ကျင်ကာကွယ်ပေးသော ကာကွယ်ဆေးထိုးပေးသူများ ဖြစ်ကြသည် - ၂တိ၊၂း၁၀-၂၂။ သူကြီး၊၉း၉။ ၁ရှမွေ၊၂း၃၀။

1. ကာကွယ်ပေးသူသည် ခရစ်တော်ယေရှု၏ အမှုဆောင်ကောင်းတစ်ဦးဖြစ်ကာ၊ အသက်၏စကားများဖြင့် ကျွေးမွေးခံရသူ၊ အသင်းတော်အသက်တာအတွက် မိမိ၏နေ့စဉ်အသက်တာ၌ ခရစ်တော်ကို အသက်ရှင်ရန် သူ၏ဝိညာဉ်ကို လေ့ကျင့်သောသူ ဖြစ်သည် - ၂တိ၊၂း၂။ ၁း၁၃-၁၄။ ၁တိ၊၄း၆-၇။ ၆း၂၀။
2. ကာကွယ်ပေးသူသည် စစ်သူရဲတစ်ဦးဖြစ်ပြီး၊ တမန်တော်၏အမှုတော်အတိုင်း ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် အယူလွဲမှားသူတို့၏ ခြားနားသော သွန်သင်ခြင်းများကို ဆန့်ကျင်တိုက်ခိုက်ပြီး၊ အသက်၌စိုးစံခြင်းငှာ အသက်နှင့်ပြည့်ဝနေခြင်းအားဖြင့် ဘုရားသခင်၏နောက်ဆုံးသောရန်သူဖြစ်သည့် သေခြင်းကို ဆန့်ကျင်စစ်ပွဲ တိုက်ခိုက်သူ ဖြစ်သည် - ၂တိ၊၂း၃-၄။ ၁တိ၊၁း၁၈။ ရော၊၈း၆၊ ၁၁။ ၅း၁၇။
3. ကာကွယ်ပေးသူသည် ပြေးပွဲပြေးသူဖြစ်ပြီး၊ မိမိ၏ခိုလှုံရာအဖြစ် ခရစ်တော်အထဲသို့ ပြေးပုန်း၍၊ စင်ကြယ်သောစိတ်နှလုံးထဲက သခင်ဘုရားကို ခေါ်သောသူတို့နှင့်အတူ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းအဖြစ် ခရစ်တော်ကို ရှာဖွေဆည်းပူးခြင်းအားဖြင့် သင့်လျော်မှန်ကန်သော အသင်းတော်အသက်တာကို အသက်ရှင်သောသူ ဖြစ်သည် - ၂တိ၊၂း၅။ ဟေဗြဲ၊၆း၁၈-၂၀။ ၂တိ၊၂း၂၂။
4. ကာကွယ်ပေးသူသည် လယ်လုပ်သောသူတစ်ဦးဖြစ်ပြီး၊ အရာအားလုံးဝင်ဆံ့သောအသက်အားဖြင့် ဘုရားသခင်နှင့် အတူတကွ လုပ်ဆောင်ကာ၊ အသက်၏မျိုးစေ့ကို လူများအထဲသို့ မျိုးကြဲ၍၊ ကိုယ်တော်၏ကျန်းမာစေသောစကားများအားဖြင့် အသက်၏ဝိညာဉ်တော်ဖြင့် သူတို့ကို ရေလောင်းပေးသူဖြစ်သည် - အင်ယ၊၆။ ၁ကော၊၃း၆၊ ၉။ ၂ကော၊ ၆း၁၀။ လု၊ ၈း၁၁။ ယော၊၇း၃၈။ ၆း၆၃။ ၂ကော၊၃း၆။

5. ကာကွယ်ပေးသူသည် လုပ်ဆောင်သောသူဖြစ်ပြီး၊ သမ္မာတရားစကားကို မှန်ကန်စွာ ပိုင်းဖြတ်လျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမျိုးမျိုးသောအပိုင်းတို့၌ (လက်သမားအလုပ်ကဲ့သို့) မည်သည့်ရွဲ့စောင်းခြင်းမျှမရှိဘဲ မှန်ကန်စွာနှင့် ဖြောင့်မတ်စွာ ဖွင့်ပြပေးသူဖြစ်သည်။ မှောင်မိုက်နေသောလူများကို အလင်းပေးရန်၊ အဆိပ်ကို ဆန့်ကျင်ကာကွယ်ရန်၊ သေခြင်းကို ဝါးမျိုရန်နှင့် လမ်းလွဲသွေဖည်သွားသော ယုံကြည်သူများအား သင့်လျော်မှန်ကန်သော လမ်းကြောင်းသို့ ပြန်လည်ခေါ်ဆောင်ခြင်းငှာ မှန်ကန်စွာ ဖွင့်ပြပေးသော သမ္မာတရားစကားကို လိုအပ်လျက်ရှိသည် - ၁တိ၊၂း၁၅။ ညွှန်း၊ တ၊၂၆း၁၈။ ဆာ၊၁၁၉း၁၃၀၊ ၁၃၃။

E. ကျွန်ုပ်တို့သည် ဘုန်းကြီးသော ဘုရားသခင်အဖြစ် ခရစ်တော်ကို ထည့်ဝင်မည့် ဘုန်းတော်အဖို့ ထည့်စရာတန်ဆာများဖြစ်ကြသည်။

1. ဘုန်းတော်သည် ဘုရားသခင်ကိုယ်တော်တိုင် ထင်ရှားခြင်းနှင့် ပေါ်ထွန်းလာခြင်း ဖြစ်သည် - ယော၊၂း၁၁။ တ၊၇း၂။ ၈၊ ၁း၁၇။ ၁ကော၊၂း၈။ ၁ပေ၊၄း၁၄။ ကော၊၂း၉။
2. ကျွန်ုပ်တို့၌ ဤဖိုးဘဏ္ဍာဖြစ်သည့် ဘုန်းကြီးသောဘုရားသခင်အဖြစ် ခရစ်တော်ကို မြေကြီးတန်ဆာများဖြစ်သည့် ကျွန်ုပ်တို့အတွင်း၌ ကိန်းဝပ်နေခြင်းကို ရရှိထားကြသည် (၂ကော၊၄း၇)။ "ဤဖိုးထိုက်ဘဏ္ဍာ"သည် "ယေရှုခရစ်၏မျက်နှာတော်" (အင်ယ၊၆)၊ ခရစ်တော်၏မျက်မှောက်တော်၊ "ခရစ်တော်၏ပုဂ္ဂိုလ်တော်"ဖြစ်သည် (၂း၁၀)။
3. ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့စိတ်နှလုံးလှည့်ပြန်လာသောအခါတိုင်း ကျွန်ုပ်တို့၏ဝိညာဉ်၌ ခရစ်တော်၏မျက်မှောက်တော်အဖြစ် သခင်ဘုရားဝိညာဉ်တော်ကို မျှော်ကြည့်ကြရပြီး၊ ကျွန်ုပ်တို့သည် "သခင်ဘုရား ဝိညာဉ်တော်မှ ဘုန်းအသရေတိုးပွား၍ သဏ္ဌာန်တော်နှင့်အညီ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိရကြ၏" - ၃း၁၆-၁၈။
4. သခင်ဘုရား၏ဘုန်းတော်ကို ကြည့်ရှုခြင်းမှာ သခင်ဘုရားကို ကျွန်ုပ်တို့ကိုယ်တိုင် မြင်ခြင်း ဖြစ်သည်။ သခင်ဘုရား၏ဘုန်းတော်ကို ရောင်ပြန်ဟပ်ခြင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများက မြင်တွေ့နိုင်စေခြင်းဖြစ်သည် - ဟေရှာ၊၆၀း၁၊ ၅။

II. ခရစ်တော်၌ ယုံကြည်သူများသည် ဂျုံစပါးမျိုးစေ့များဖြစ်သည် - ယော၊၁၂း၂၄။

A. ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ထုတ်လုပ်ခဲ့သော များစွာသော ဂျုံစပါးမျိုးစေ့များသည် မုန့်တစ်လုံး - ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ဖြစ်ပေါ်လာစေခြင်းအတွက်ဖြစ်သည်။ ဂျုံစပါးမျိုးစေ့များသည် ထုချေခြင်း၊ ဆီနှင့် ရောနှောသမခြင်း၊ အိုးခွံ ဖုတ်ထားခြင်းနှင့် မုန့်တစ်လုံးတည်းအဖြစ်သို့ အတူတကွ ပေါင်းစည်းထားခြင်း ခံရသည်၊ ယင်းကို ဘောဇဉ်ပူဇော်သက္ကာအားဖြင့် ပုံဆောင်ထားသည် - ၁ကော၊၁၀း၁၇။ ဝတ်၊၂း၄-၅။

B. ဂျုံစပါးမျိုးစေ့အဖြစ် သခင်ဘုရားသည် မြေအထဲသို့ ကျကာ၊ အသေခံခြင်းဖြင့် မိမိစိတ်အသက်ကို ဆုံးရှုံးခဲ့ပြီး၊ ထိုသို့ဖြင့် ရှင်ပြန်ထမြောက်ခြင်း၌ "များစွာသော မျိုးစေ့များ"အဖြစ်သို့ ကိုယ်တော်၏ထာဝရအသက်၏ မီးကို လွတ်မြောက်လာစေမည်ဖြစ်သည်။ များစွာသော မျိုးစေ့များအဖြစ် ကျွန်ုပ်တို့သည် အသေခံခြင်းမှတစ်ဆင့် မိမိတို့စိတ်အသက်ကို ဆုံးရှုံးခံရမည်၊ သို့မှသာ ရှင်ပြန်ထမြောက်ခြင်း၌ ထာဝရအသက်၏မီးကို မွေ့လျော်ဝမ်းမြောက်၍၊ အခြားသူများထံ လွတ်မြောက်စေခြင်း ရှိနိုင်မည်ဖြစ်သည် - ယော၊၁၂း၂၄-၂၆။ လု၊၁၂း၄၉-၅၀။ ၁ကော၊၁၅း၃၁၊ ၃၆။ ၂ကော၊၄း၁၂။

C. ဂျုံမျိုးစေ့များသည် မြေကြီးအထဲသို့ကျ၍ သေဆုံးသကဲ့သို့၊ ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ခြင်း၊ ကုန်ဆုံးခြင်းရှိနေသည်၊ သို့မှသာ ကျွန်ုပ်တို့၏အတွင်းလူသည် တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခြင်း ခံရနိုင်မည်ဖြစ်သည် - အငယ်၊၁၆၊ ၁၀-၁၁။ တိ၊၃း၅။ ၈၊၄း၂၃။ ၅း၂၆။

D. ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဝိညာဉ်ရေးရာရှိသော ခရစ်ယာန်တစ်ဦးသည် အရာသုံးခုကို နေ့စဉ်တိုင်း "ဖတ်ရမည်" - သူသည် သမ္မာကျမ်းစာကို ဖတ်ရန် လိုအပ်သည်၊ သူသည် မိမိ၏အတွင်းအာရုံခံစားမှုကို ဖတ်ရန်လိုအပ်သည်၊ သူသည် မိမိပတ်ဝန်းကျင်နှင့် အခြေအနေများကို ဖတ်ရန် လိုအပ်သည်၊ ယင်းမှာ မိမိပတ်လည်ရှိ လူများ၊ အရာများနှင့် အကြောင်းကိစ္စများကို ဖတ်ရန်ဖြစ်သည် - ရော၊၈း၆။ ညွှန်း၊ သု၊၁၆း၉။

E. ကျွန်ုပ်တို့က အခြားသူများသည် ပြောင်းလဲသွားမည့်အကြောင်း ဆုတောင်းကာ မျှော်လင့်နေခြင်း ရှိနိုင်ပေသည်၊ သို့သော် ကျွန်ုပ်တို့ ဤနည်းလမ်း၌ ဆုတောင်းခြင်းပြုလေလေ၊ မည်သည့်အရာမျှ ပြောင်းလဲမည်မဟုတ်ကြောင်း ပို၍ ရှင်းလင်းမှုရှိကြလေလေဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က ကျွန်ုပ်တို့ကို ဘုရားသခင့်သားတော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာရန်နှင့် ဘုရားသခင်၏ကျေးဇူးတော်နှင့် တန်ခိုးတော်ကို ထင်ရှားခြင်းရှိစေရန် ဖြစ်စေသည့် ပတ်ဝန်းကျင်ပင်ဖြစ်သည် - ရော၊၈း၂၈-၂၉။ ညွှန်း၊ ၆း၃-၄။ ၁ဘုရင်၊၇း၁၇၊ ၂၀-၂၂။

F. ကျွန်ုပ်တို့သည် ပြုပြင်လုပ်ဆောင်သောဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်၍၊ ဘုရားသခင်က ကျွန်ုပ်တို့အတွက် စီစဉ်ထားပေးသော ပတ်ဝန်းကျင်ကို လက်ခံခြင်း ရှိသင့်ပါသည် - ဖိ၊၄း၁၂။ ၈း၃၀။ ၄း၁။ ၆း၂၀။ ၁ကော၊၇း၂၄။

G. ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ညည်းတွားခြင်း ရှိနိုင်ပေသည်၊ သို့သော် ကျွန်ုပ်တို့၏ညည်းတွားခြင်းသည် အကောင်းဆုံးသော ဆုတောင်းချက်၊ ဘုရားသခင်ထံသို့ အားရနှစ်သက်ဖွယ်အကောင်းဆုံး ဆုတောင်းချက် ဖြစ်နိုင်သည်။ ကျွန်ုပ်တို့ညည်းတွားနေကြစဉ်၊ ဘုရားသခင်သည် ဝမ်းမြောက်ရွှင်လန်းနေသည်၊ အကြောင်းမှာ ကိုယ်တော်က ခပ်သိမ်းသောအရာတို့ကို ကောင်းကျိုးအဖို့ အတူတကွ လုပ်ဆောင်စေပြီး၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏သားဦး ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီစေမည်ဖြစ်သောကြောင့် ဖြစ်သည် - ညွှန်း၊ ဆာ၊၁၀၂ ခေါင်းစဉ်။

III. ခရစ်တော်၌ ယုံကြည်သူများသည် စပျစ်နွယ်ပင်၏ အကိုင်းအခက်များဖြစ်ကြသည် - ယော၊၁၅း၁၊ ၄-၅။

A. ခရစ်တော်တည်းဟူသော စပျစ်နွယ်ပင်နှင့် ၎င်း၏အကိုင်းအခက်ဖြစ်သော ခရစ်တော်၌ယုံကြည်သူများသည် ကိုယ်တော်၏ကြွယ်ဝခြင်းများဖြင့် ကြီးထွားရန်နှင့် ကိုယ်တော်၏ဘုရားအသက်ကို ထင်ရှားရန် ဘုရားသခင်၏စီမံကိန်းရှိ သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှုတစ်ခု ဖြစ်သည် - အငယ်၊၁-၅။

B. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်ဖြစ်သည့် ခရစ်တော်မှကင်းကွာလျက် ကျွန်ုပ်တို့ ဘာမျှမဟုတ်ပါ၊ ကျွန်ုပ်တို့၌ဘာမျှမရှိပါ၊ ကျွန်ုပ်တို့ဘာမျှမလုပ်နိုင်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေရန်၊ ကိုယ်တော်၌ ကျန်ရှိခြင်း၊ နေထိုင်ခြင်းနှင့် ကိန်းဝပ်ခြင်း ရှိနေရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့ဖြစ်သောအရာ၊ ကျွန်ုပ်တို့လုပ်နိုင်သောအရာဖြင့် အသက်မရှင်ဘဲ၊ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည့် မသေနိုင်သောအသက်အားဖြင့် အသက်ရှင်ရမည် - ၁ဂျး၆က။ ၂ကော၊၅း၄။

C. ခရစ်တော်၌ တည်နေခြင်းမှာ ကိုယ်တော်၏မေတ္တာတော်၌ တည်နေခြင်းဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ချစ်၍ အချင်းချင်းကို ချစ်လျက်၊ အသီးသီးခြင်း၌ ဘုရားအသက်ကို ထင်ရှားနိုင်မည်ဖြစ်သည် - ယော၊၁၅း၉-၁၀၊ ၁၆-၁၇။

1. "သင်တို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် အချင်းချင်း ချစ်ကြလျှင်၊ သင်တို့သည် ငါ၏တပည့်ဖြစ်ကြောင်းကို လူအပေါင်းတို့သည် သိရကြလိမ့်မည်" - ၁၃း၃၄-၃၅။ ညွှန်း၊ ၁ယော၊၄း၁၈-၁၉။
2. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်လျှင် ကိုယ်တော်ဖြင့် ဖြည့်ခြင်းခံရကြလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အတွင်း၌ ဖြည့်ခြင်းရှိသောအရာမှန်သမျှသည် ကျွန်ုပ်တို့ထဲက ထွက်လာလိမ့်မည်ဖြစ်သည်။ သခင်ဘုရားကို အဆုံးစွန်ချစ်ခြင်းသည် သခင်ဘုရားကို ပြောထွက်စေရန် ကျွန်ုပ်တို့အား အရည်အချင်းရှိစေသည်၊ စုံလင်စေသည်၊ တပ်ဆင်ပေးသည် - ယော၊ ၂၁း၁၅-၁၇။

D. ခရစ်တော်၌ တည်နေခြင်းမှာ ကျွန်ုပ်တို့ကိုယ်ကို ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ နေ့စဉ်တိုင်းနှင့် နာရီတိုင်း စောင့်ထိန်းခြင်းဖြစ်ပြီး၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့အကြား မည်သည့်အရာကိုမျှ ဝင်ရောက်လာခွင့် မပေးခြင်းဖြစ်သည်။ အသင်းတော်အသက်တာတစ်ခုလုံးသည် ဘုရားဆိုင်ရာမိတ်သဟာယအပေါ် မူတည်နေသည်၊ ယင်းမှာ စီးဆင်းလည်ပတ်နေသော သုံးပါးတစ်ပါးဘုရားက ကိုယ်တော်ဖြစ်ခြင်းရှိသမျှကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ခြင်း၊ စီးဆင်းခြင်း၊ ဆက်သွယ်ပေးခြင်း၊ ပို့ဆောင်ပေးခြင်း၊ ပို့လွှတ်ပေးခြင်းနှင့် ဝေဖြန့်ဖြူးခြင်းအပေါ် မူတည်ခြင်းဖြစ်သည် - ၁ယော၊၁း၃။ ၂ကော၊၁၃း၁၄။

E. သခင်ဘုရားသည် ကျွန်ုပ်တို့၌ တည်နေရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏စကားတော်များကို ကျွန်ုပ်တို့၌ တည်စေဖို့ အခွင့်ပေးရမည်။ အသက်အတွက် ကျွန်ုပ်တို့သည် ကိုယ်တော်ထံ လာခြင်းအားဖြင့် ကိုယ်တော်၏ရေးသားသော နှုတ်ကပတ်စကား၌ တည်နေမည်ဆိုလျှင်၊ ကိုယ်တော်၏ချက်ချင်းဖြစ်သော စကားများသည် ကျွန်ုပ်တို့၌ ဝိညာဉ်နှင့် အသက်အဖြစ် တည်နေလိမ့်မည်ဖြစ်သည် - ယော၊၁၅း၇။ ၅း၃၉-၄၀။ ၈း၃၁။ ၆း၆၃။

F. မှန်သောစပျစ်နွယ်ပင် ဖြစ်သော ခရစ်တော်၏အကိုင်းအခက်များအဖြစ် ကျွန်ုပ်တို့သည် သွင်ပြင်တိုင်း၌ ခရစ်တော်ကို အသက်ရှင်ခြင်း၊ ခရစ်တော်ကို ကြီးထွားစေခြင်း၊ ခရစ်တော်ကို ထင်ရှားခြင်းနှင့် ခရစ်တော်ကို တိုးပွားပျံ့နှံ့စေခြင်း ရှိရန် လိုအပ်သည်။ ဤသည်မှာ "ဘုရားသခင်ကို ပြည့်ဝစွာ သိသော ဉာဏ်အားဖြင့် ကောင်းသောအကျင့်အမျိုးမျိုး တည်းဟူသော အသီးကို သီးခြင်းနှင့် ကြီးထွားခြင်းရှိသဖြင့်၊ သခင်ဘုရားနှင့် ထိုက်လျောက်စွာ လျှောက်လှမ်း၍၊ အရာရာ၌ ကိုယ်တော်ကို နှစ်သက်တော်မူစေခြင်း" ဖြစ်သည် - ကော၊၁း၁၀။

G. အသီးသီးခြင်းသည် အတွင်းပိုင်းအသက်၏ ကြွယ်ဝခြင်းများ လျှံထွက်စီးဆင်းလာခြင်း ဖြစ်သည်။ အတွင်းပိုင်းအသက်၏ပေါများကြွယ်ဝခြင်းများထဲက အခြားသူများထံ ရောက်ရှိသော၊ သူတို့၏အသက်တာများအထဲသို့ ထိုးဖောက်ဝင်ရောက်သွားသော စီးဆင်းခြင်းရှိလိမ့်မည်၊ သို့မှသာ သူတို့သည် ခမည်းတော်၏ဘုန်းထင်ရှားခြင်းအတွက် တည်ကြည်သောအသီးဖြစ်လာနိုင်ကြမည်ဖြစ်သည် - ယော၊၁၅း၁၆။

© 2026 Living Stream Ministry